# ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုး

# တိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ရေးရာဆောင် (I-10) ၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက မိမိတို့ကော်မတီအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးဌာနမှပြဋ္ဌာန်းထားသည့် ဥပဒေများအနက် လက်ရှိ ကာလနှင့် ကိုက်ညီမှု မရှိသည့် ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းရေးဆွဲနိုင်ရေး ပူးပေါင်း ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ယခုလို အမြဲတမ်းအတွင်းဝန် ဦးစီး၍ ညွှန်ကြားရေးမှူးချုပ်များ နွေးနွေးထွေးထွေး လာရောက်တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဦးစီး၍ ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြပြီး ကော်မတီအဖွဲ့ဝင်များမှ ပြန်လည်မေးမြန်းဆွေးနွေး ခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးစီးဌာနအလိုက်တာဝန်ရှိသူများ တက်ရောက်ကြသည်။